# ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၂၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေအာဏာတည်သည့်နေ့ရက်တွင်စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ပြည်ထောင်စုမြန်မာနိုင်ငံပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေပုဒ်မ ၃၃ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၃၃-က အဖြစ် ထည့်သွင်းရမည်။

> ''၃၃-က။ ။ကာလစည်းကမ်းသတ် အက်ဥပဒေ (The Limitation Act) ပဋ္ဌမဇယားရှိ အပိုဒ် ၁၄၉ သည်၊ အဖွဲ့ကဖြစ်စေ၊ အဖွဲ့ကိုယ်စားဖြစ်စေ၊ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်''။